မာတိကာ

ဆောင်းပါးကဏ္ဍ

- မဏ္ဍိုင်စုံပင်စင်စနစ် (Multi-pillar Pension System)

သတင်းကဏ္ဍ

- ပင်စင်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အသိပညာပေးဆောင်ရွက်ချက်များ
- မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ဆောင်ရွက်နေမှုများ
- သက်ပြည့်ပင်စင်နှင့် မွေးသက္ကရာဇ်

ပင်စင်ဆိုင်ရာစာရင်းအင်းကဏ္ဍ

- လက်ရှိပင်စင်စားအင်အားနှင့် အသုံးစရိတ်အခြေအနေ
  - ပင်စင်စားဦးရေနှင့် ပင်စင်အသုံးစရိတ်အခြေပြဇယား(၂၀၁၃ - ၂၀၁၄ မှ ၂၀၂၃-၂၀၂၄ထိ)
  - ပင်စင်အသုံးစရိတ်သည် နိုင်ငံတော်အသုံးစရိတ်တွင် ပါဝင်မှုရာခိုင်နှုန်း
  - ပင်စင်စားအင်အား နှင့် အသုံးစရိတ်စာရင်း (၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် ဧပြီလ မှ မတ်လအထိ)
  - တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ပင်စင်စားအင်အားနှင့် အသုံးစရိတ် (၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ် ဧပြီလ မှ မတ်လ အထိ)

လုပ်ငန်းဆောင်ရွက်မှုကဏ္ဍ

- ပင်စင်ဦးစီးဌာန လုပ်ငန်းဆောင်ရွက်မှုနှင့် လှုပ်ရှားမှုများ



မဏ္ဍိုင်စုံပင်စင်စနစ် (Multi-pillar Pension System)

THE WORLD BANK | MULTI PILLAR PENSION FRAMEWORK

ဦးရဲညွန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန

နိဒါန်း

၁။ ၁၉၈၀ ခုနှစ်များ၏ အလယ်ပိုင်းကာလများကတည်းက ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျင့်သုံးကြသော သမားရိုးကျ Pay-As-You-Go သတ်မှတ်အကျိုးခံစားခွင့်စနစ် ပင်စင်အစီအစဉ်များသည် သက်ကြီးရွယ်အိုဦးရေ များပြားလာသည့် လူဦးရေပုံစံသို့ ပြောင်းလဲလာခြင်း၊ အစိုးရမှ အကောင်အထည်ဖော် ထားခြင်းမဟုတ်သော မိရိုးဖလာမိသားစုပံ့ပိုးမှုစနစ်သည် အားနည်းလာခြင်း၊ လက်ရှိပင်စင်စနစ်များ၏ အုပ်ချုပ်မှုပုံစံနှင့် စီမံခန့်ခွဲမှုပုံစံများ၏ အားနည်းချက်များရှိခြင်းတို့ကြောင့် ဘဏ္ဍာရေးအရ ခိုင်မာမှုမရှိသည့် အခြေအနေသို့ ရောက်ရှိလာခဲ့ပါသည်။

၂။ ထို့ကြောင့် သက်ကြီးဝင်ငွေထောက်ပံ့ပေးသည့် လူမှုရေးအာမခံစနစ်နှင့် သက်ကြီးရွယ်အိုဘဝအတွက် စုဆောင်းခြင်းစနစ်များ ခိုင်မာအားကောင်းလာစေရေးအတွက် နိုင်ငံများ၌ ကျင့်သုံးနေသော ပင်စင်စနစ်များကို အောက်ဖော်ပြပါအချက်များအပေါ် မူတည်၍ ကနဦးလေ့လာသုံးသပ်အဖြေရှာခဲ့ပါသည် -

- (က) အမွေဆက်ခံထားသောစနစ်များ၊
- (ခ) အဆိုပါစနစ်များအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ၊
- (ဂ) လုပ်ငန်းအကောင်အထည်ဖော်နိုင်သည့် ပတ်ဝန်းကျင်။

၃။ **အမွေဆက်ခံထားသောစနစ်များ**တွင် လက်ရှိမဝင်မနေရနှင့် ဆန္ဒအလျောက် ပင်စင်စနစ်များ၊ အလုပ်သမားများနှင့် အငြိမ်းစားများအတွက် ရှိရမည့်ရပိုင်ခွင့်များ၊ ဆက်စပ်လူမှုဖူလုံရေး အစီအစဉ်များ၊ အငြိမ်းစားများအား လက်ရှိမိသားစုများနှင့် အသင်းအဖွဲ့များမှ ပံ့ပိုးပေးမှုနှင့် သက်ကြီးရွယ်အိုများ၏ အားနည်းချက်နှင့် ဆင်းရဲမွဲတေမှုများပြားလာခြင်းတို့ ပါဝင်ပါသည်။

၄။ **ပြုပြင်ပြောင်းလဲမှုလိုအပ်ချက်များ**ကို လက်ရှိအစီအစဉ်များ၏ လုံလောက်မှု(Adequacy)၊ အကျိုးခံစားခွင့်ပေးနိုင်မှု (Affordability) ၊ ရေရှည်တည်တံ့ခိုင်မြဲမှု (Sustainability) နှင့် အမှားခံနိုင်မှုဆိုင်ရာ သတ်မှတ်ချက်များ(Predictability and Robustness Criteria) ဖြင့် ဆုံးဖြတ်ပါသည်။

၅။ နောက်ဆုံးအချက်ဖြစ်သည့် **လုပ်ငန်းအကောင်အထည်ဖော်နိုင်သည့်ပတ်ဝန်းကျင်**တွင် သက်ကြီးရွယ်အိုဦးရေ များပြားလာသည့် လူဦးရေပုံစံ (Demographic profile)၊ မေခရိုစီးပွားရေးပတ်ဝန်းကျင် (Macroeconomic environment)၊ စီမံခန့်ခွဲမှုစွမ်းရည် (The capacity of administrative)၊ စည်းမျဉ်းချမှတ်ကွပ်ကဲသည့် အဖွဲ့အစည်းများ (Regulatory and Supervisory institutions)နှင့် အထူးသဖြင့် ကာလရှည်အကောင်အထည်ဖော်သူများ (Long-term instruments) နှင့် စပ်လျဉ်း၍ ငွေကြေးဈေးကွက် များ၏ ကျယ်ပြန့်မှုနှင့် အကျိုးရှိထိရောက်မှု စသည်တို့ ပါဝင်ပါသည်။

မဏ္ဍိုင်စုံစနစ် အစပြုခြင်း



၆။ **မဏ္ဍိုင်စုံပင်စင်စနစ်အယူအဆသည် ကမ္ဘာ့ဘဏ်မှ ၁၉၉၄ခုနှစ်တွင် ထုတ်ဝေခဲ့သည့် သက်ကြီးရွယ်အို ပြဿနာများတားဆီးခြင်း - သက်ကြီးရွယ်အိုများကို ကာကွယ်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို အားပေးရေးမူဝါဒများ (Averting the Old Age Crisis: Policies to Protect the Old and Promote Growth) Flagship Report** မှ အစပြုခဲ့ခြင်း ဖြစ်ပါသည်။

၇။ ကမ္ဘာ့ဘဏ်မှ အစီရင်ခံတင်ပြထားသော ၁၉၉၄ ခုနှစ် မဏ္ဍိုင်စုံပင်စင်စနစ်ပုံစံတွင် အောက်ပါမဏ္ဍိုင်များ ပါဝင်ပါသည် -

(က) ပထမမဏ္ဍိုင် - နိုင်ငံတော်၏ အခွန်ငွေများဖြင့် ငွေရေးကြေးရေး မတည်ထားသော တစ်ပြေးညီရရှိသည့် အခြေခံအကျိုးခံစားခွင့်များ (Flat-Rate Benefits financed by taxes)၊

(ခ) ဒုတိယမဏ္ဍိုင် - သီးခြားစီမံခန့်ခွဲသည့် မဝင်မနေရ ရန်ပုံငွေဖွဲ့စည်းထားသော အကျိုးခံ စားခွင့်များ (Privately-managed mandatory funded benefits)၊

(ဂ) တတိယမဏ္ဍိုင် - ဆန္ဒအလျောက်စုငွေအစီအစဉ်များ (Voluntary Savings Plans)။

သုံးမဏ္ဍိုင်စနစ်မှ ငါးမဏ္ဍိုင်စနစ်သို့ ချဲ့ထွင်ဆောင်ရွက်ခြင်း

၈။ ကမ္ဘာ့ဘဏ်သည် အောက်ပါအကြောင်းအရာများကို ဖြေရှင်းနိုင်ရန် ၎င်း၏သဘောထားမူဘောင်ကို သုံးမဏ္ဍိုင်(မဏ္ဍိုင်စုံ) စနစ်မှ ငါးမဏ္ဍိုင်စနစ်သို့ ၂၀၀၅ ခုနှစ်တွင် ချဲ့ထွင်ဆောင်ရွက်ခဲ့ပါသည် -

(က) လူမှုဖူလုံရေးစနစ်၏ ထည့်ဝင်ကြေးကဏ္ဍနှင့် ထည့်ဝင်ကြေးမဲ့ကဏ္ဍများအကြား ကွဲပြား ခြားနားစေရန်၊

(ခ) စနစ်အမျိုးမျိုးကို ပိုမိုကျယ်ပြန့်သည့်မူဘောင်ဖြင့် ဆွေးနွေးနိုင်ရန်၊

(ဂ) လုံခြုံမှုကွန်ယက်ကို ဖြန့်ကျက်နိုင်ရေးအတွက် ထည့်ဝင်ကြေးမဲ့စနစ်နှင့်စပ်လျဉ်း၍ ရွေး ချယ်စရာနည်းလမ်းအမျိုးမျိုးကို ထည့်သွင်းစဉ်းစားနိုင်ရန်။

ငါးမဏ္ဍိုင်စနစ်ပုံစံအကောင်အထည်ဖော် ဆောင်ရွက်ခြင်း

၉။ ကမ္ဘာ့ဘဏ်၏ ငါးမဏ္ဍိုင်စနစ်ပုံစံသည် ပြုပြင်ပြောင်းလဲရေးအတွက် ဖြစ်နိုင်ချေရှိသော သဘောတရားအပြည့်အစုံကို ထည့်သွင်းစဉ်းစား၍ ဒီဇိုင်းပုံစံတွင် ပုံစံအစိတ်အပိုင်းများကို ပေါင်းစပ်ထည့်သွင်းလိုက်ခြင်းဖြင့် စနစ်သစ်တစ်ခုက အငြိမ်းစားဝင်ငွေကို ပိုမိုအကျိုးရှိထိရောက်စွာ ပေးဆောင်နိုင်သည် ဟူသောအမြင်အပေါ် အခြေခံ၍ ဆောင်ရွက်ထားပါသည်။ ကမ္ဘာ့ဘဏ်၏ ငါးမဏ္ဍိုင်ပင်စင်စနစ်ပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ထည့်ဝင်ကြေးထည့်ဝင်ရန်မလိုသည့် “သုညမဏ္ဍိုင်” (အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လူမှုရေးပင်စင်ကဲ့သို့သော ပင်စင်အစီအစဉ်များ)

(ခ) မဖြစ်မနေထည့်ဝင်ရမည့် “ပထမမဏ္ဍိုင်” (အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် နိုင်ငံ့ဝန်ထမ်းပင်စင်ကဲ့သို့သော ပင်စင်အစီအစဉ်များ)

(ဂ) မဖြစ်မနေထည့်ဝင်ရမည့် “ဒုတိယမဏ္ဍိုင်” (ပုဂ္ဂလိကအဖွဲ့အစည်းများမှ အကောင် အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းခွင် ပင်စင်အစီအစဉ်များ)

(ဃ) ဆန္ဒအလျောက်ထည့်ဝင်နိုင်သည့် “တတိယမဏ္ဍိုင်” (အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အာမခံအကျိုးခံစားခွင့်ပေးခြင်းကဲ့သို့သော အစီအစဉ်များ)

(င)　ငွေကြေးထောက်ပံ့မှုမပါသော “စတုတ္ထမဏ္ဍိုင်”တွင် အောက်ပါအခြေအနေများ ပါဝင်ပါသည်-

(၁)　အစိုးရမှ သတ်မှတ် ဖော်ဆောင်ထားခြင်း မဟုတ်သော ပံ့ပိုးမှု (informal support) (ဥပမာ - မိသားစုဆိုင်ရာ ပံ့ပိုးပေးမှု)၊

(၂)　အခြားသော ပံ့မှန်ဆောင်ရွက်ပေးသည့် လူမှုရေးဆိုင်ရာအစီအစဉ်များ (other formal social programs) (ဥပမာ - ကျန်းမာရေးစောင့်ရှောက်မှုနှင့်/သို့မဟုတ် အိမ်ရာ) နှင့်

(၃)　အခြားတစ်ဦးချင်းဆိုင်ရာငွေကြေးနှင့် ငွေကြေးနှင့်မသက်ဆိုင်သော ပိုင်ဆိုင်မှုများ (other individual financial and non-financial assets) (ဥပမာ - အိမ်ရာပိုင် ဆိုင်မှုနှင့် ပေါင်နှံမှုများ)။

ကမ္ဘာ့ဘဏ်၏ မဏ္ဍိုင်စုံပင်စင်စနစ်မူဘောင်



ကမ္ဘာ့ဘဏ်၏ မဏ္ဍိုင်စုံပင်စင်စနစ်အပေါ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ သဘောထားများ

၁၀။ **အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (International Labor Organization - ILO)** - ကမ္ဘာ့ဘဏ် တင်ပြခဲ့သည့် မဏ္ဍိုင်စုံပင်စင်စနစ်ပုံစံနှင့်စပ်လျဉ်းသည့်အစီရင်ခံစာသည် ၂၁ ရာစုတွင် နိုင်ငံတကာအဖွဲ့ အစည်းများအနက် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) က လွှမ်းမိုးထားခဲ့သော မူဝါဒနေရာတစ်ခု (Policy Space) ကို ကမ္ဘာ့ဘဏ်က အစားထိုးဝင်နိုင်မည့် အရွေ့တစ်ခုဖန်တီးခဲ့ခြင်းနှင့် ကမ္ဘာ့ဘဏ်မှ ချမှတ်ထားသည့် မဏ္ဍိုင်စုံပင်စင်စနစ်ပုံစံသည် အထူးသဖြင့် ပုဂ္ဂလိကသတ်မှတ်ထည့်ဝင်ကြေး အစီအစဉ်များပေါ်တွင် အလေးအနက်ပြုထားသည့်အတွက် လူမှုဖူလုံရေးနယ်ပယ်တွင် နိုင်ငံတကာ အဖွဲ့အစည်းများအနက် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) ၏ လုပ်ဆောင်မှုများအနက် အဓိကကျသည့် သတ်မှတ်အကျိုး ခံစားခွင့်လူမှုရေးအာမခံ (Defined Benefit Social Insurance) ပုံစံမှ သိသိသာသာကွဲထွက်နေခဲ့သည့် အတွက် နိုင်ငံတကာအဖွဲ့အစည်းများအနက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) သည် မဏ္ဍိုင်စုံ ပင်စင်စနစ်ပုံစံ သဘောတရားကို ဆန့်ကျင်ဘက်နေရာမှ ရပ်တည်ခဲ့ပါသည်။

၁၁။ **စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Organization of Economic Co-operation and Development-OECD)** အနေဖြင့် ကမ္ဘာ့ဘဏ်ကဲ့သို့ပင် OECD အဖွဲ့သည်လည်း တူ ညီသောရပ်တည်ချက်ရှိသည်ဟု အခိုင်အမာပြောဆိုခဲ့သော်လည်း ယင်းအဖွဲ့အစည်းသည် ကွဲပြားသော မဏ္ဍိုင်စုံသဘောတရားတစ်ခုကို ဖော်ထုတ်ခဲ့ပါသည်။ OECD အဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့သည် **"သက်ကြီးရွယ်အို ပြဿနာများတားဆီးခြင်း - သက်ကြီးရွယ်အိုများကိုကာကွယ်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို အားပေးရေးမူဝါဒများ (Averting the Old Age Crisis: Policies to Protect the Old and Promote Growth) Flagship Report"** အစီရင်ခံစာကို စတင်ဆောင်ရွက်ခဲ့သည့် နောက်နှစ်များမှ စတင်၍ ယင်းအဖွဲ့နှစ်ခုအကြား ပင်စင်မူဝါဒများတွင် ဝန်ထမ်းဆိုင်ရာ လှုပ်ရှားမှုများကို ထည့်သွင်း စဉ်းစား၍ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

၁၂။ အထက်အပိုဒ်များပါ အချက်အလက်များအရ ကမ္ဘာ့ဘဏ်၏ မဏ္ဍိုင်စုံပင်စင်စနစ်နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) သည် ကမ္ဘာ့ဘဏ် နှင့် သဘောထားရည်တည်ချက်ချင်း မတူညီခဲ့ပါ။ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့ (OECD) သည် ကမ္ဘာ့ဘဏ် နှင့် တူညီသောရပ်တည်ချက် ရှိခဲ့သော်လည်း ကွဲပြားသော သဘောတရားတစ်ခုကို ရေးဆွဲဖော်ထုတ် ခဲ့ပါသလို ပူးပေါင်းဆောင်ရွက်မှုများလည်း ပြုလုပ်ခဲ့ပါသည်။

ကမ္ဘာ့ဘဏ်၏ မဏ္ဍိုင်စုံပင်စင်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အရှေ့တောင်အာရှနိုင်ငံများ

၁၃။ အရှေ့တောင်အာရှနိုင်ငံအချို့ဖြစ်သည့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မဏ္ဍိုင်စုံပင်စင်စနစ်များကို ဥပမာအနေဖြင့် အောက်ပါအတိုင်း ရေးသားတင်ပြအပ်ပါသည် -

(က) **ထိုင်းနိုင်ငံ**

သုံညမဏ္ဍိုင် - ဤမဏ္ဍိုင်သည် ထိုင်းနိုင်ငံတွင် ကျင့်သုံးဆောင်ရွက်ခြင်း မရှိသေးပါ။

ပထမမဏ္ဍိုင် - အောက်ပါအစီအစဉ် (၁) ခုကို အကောင်အထည်ဖော် ဆောင်ရွက်ထားပါသည် -

(၁) **သက်ကြီးထောက်ပံ့ကြေး - သက်ကြီးပင်စင်ခံစားခွင့်ပြုနိုင်ရန်**

(ကက) အစိုးရပင်စင်အစီအစဉ်များတွင် အကျုံးဝင်ခြင်းမရှိသော အလုပ်သမားများအကျုံးဝင်ခြင်း၊ သတ်မှတ်ချက်များဖြင့် တစ်သက်တာပင်စင်ပေးခြင်း၊

(ခခ) ရန်ပုံငွေ ဖွဲ့စည်းထားခြင်းမရှိဘဲ အစိုးရဘတ်ဂျက်မှ တိုက်ရိုက်ထောက်ပံ့ပေးခြင်း။

ဒုတိယမဏ္ဍိုင် - အောက်ပါအစီအစဉ် (၃) ခုကို အကောင်အထည်ဖော် ဆောင်ရွက်ထားပါသည် -

(၁) **မြို့ပြဝန်ထမ်းပင်စင်ဟောင်းများ (Old Civil Service Pensions)** - ပင်စင်အကျိုးခံစားခွင့်ပြုနိုင်ရန်

(ကက) ၁၉၉၇ခုနှစ်မတိုင်မီတွင် ဝန်ထမ်းအဖြစ် ခန့်ထားပြီးသူများ အကျုံးဝင်ခြင်း၊

(ခခ) ရန်ပုံငွေ ဖွဲ့စည်းထားခြင်း မရှိသော သတ်မှတ်အကျိုးခံစားခွင့်အစီအစဉ်။

(၂) **အစိုးရပင်စင်ရန်ပုံငွေ (Government Pension Fund - GPF)** - ပင်စင်အကျိုးခံစားခွင့်ပြုနိုင်ရန်

(ကက) ၁၉၉၇ ခုနှစ်နောက်ပိုင်းတွင် ဝန်ထမ်းအဖြစ် ခန့်ထားပြီးသူများ အကျုံးဝင်ခြင်း၊ ယင်းခုနှစ် မတိုင်မီခန့်ထား ပြီးသူများလည်း ဆန္ဒအလျောက် အကျုံးဝင်နိုင်ခြင်း၊

(ခခ) ရန်ပုံငွေဖွဲ့စည်းထားသော သတ်မှတ်ထည့်ဝင်ကြေး အစီအစဉ်။

(၃) **လူမှုဖူလုံရေးရန်ပုံငွေ (Social Security Fund – SSF)**- ပင်စင်နှင့် အခြားအကျိုးခံစားခွင့်များပေးနိုင်ရန်

(ကက) ထိုင်းနိုင်ငံရှိပုံမှန်လစာရ အလုပ်သမားများအားလုံး သည် မဝင်မနေရ အကျုံးဝင်ပြီး ပုံမှန်လစာမရသော ကဏ္ဍမှ အလုပ်သမားများသည် ဆန္ဒအလျောက် အကျုံးဝင်ခြင်း၊

(ခခ) ရန်ပုံငွေဖွဲ့စည်းထားသောသတ်မှတ်ထည့်ဝင်ကြေး အစီအစဉ်၊

(ဂဂ) အကျိုးခံစားခွင့်များတွင် ပင်စင်များ၊ မသန်စွမ်း အကျိုးခံစားခွင့်များ၊ အလုပ်လက်မဲ့ အကျိုးခံစား ခွင့်များ၊ မီးဖွားခွင့်ဆိုင်ရာ အကျိုးခံစားခွင့်များ၊ နာမကျန်းနှင့်သေဆုံးမှုဆိုင်ရာ အကျိုးခံစားခွင့်များ။

တတိယမဏ္ဍိုင် - အောက်ပါအစီအစဉ်(၂)ခုကို အကောင်အထည်ဖော် ဆောင်ရွက် ထားပါသည်-

(၁) **အမျိုးသားစုဆောင်းရန်ပုံငွေ(National Saving Fund – NSF)** - စုဆောင်းငွေများဖြင့် ဖြည့်စွက်ပင်စင် အကျိုးခံစားခွင့်ပြု နိုင်ရန်

(ကက) ပုံမှန်လစာမရကြသည့်ကဏ္ဍမှ အလုပ်သမားများ နှင့် အလုပ်လက်မဲ့များ အကျုံးဝင်ခြင်း၊

(ခခ) ရန်ပုံငွေဖွဲ့စည်းထားသောသတ်မှတ်ထည့်ဝင်ကြေး အစီအစဉ်၊

(ဂဂ) တစ်လုံးတည်းထုတ်ပေးခြင်း မပြုလုပ်ဘဲ ပင်စင်ခံစားခွင့်ရှိသည့်အသက်ပြည့်ပြီးနောက်အနည်းဆုံး (၂၀)နှစ်အထိပင်စင်ပေးရန်လည်းအာမခံပေးခြင်း။

(၂) **ဝန်ထမ်းနောင်ရေးရန်ပုံငွေ** (Provident Fund – PVD) (ပုဂ္ဂလိကကဏ္ဍ) -ပုဂ္ဂလိကကဏ္ဍမှ အလုပ်သမားများကို ခံစားခွင့်ပြုနိုင်ရန်

(ကက) ပုံမှန်လစာရသည့်ကဏ္ဍမှအလုပ်သမားများအတွက် အလုပ်ရှင်မှ ဆန္ဒအလျောက် ထူထောင်ထားသည့် ရန်ပုံငွေ။

(၃) **Retirement Mutual Fund - RMF**

(ကက) ထိုင်းနိုင်ငံရှိ အိမ်ထောင်စုများ၏အငြိမ်းစားအတွက် ငွေကြေးစုဆောင်းမှုကို အားပေးရန်အလို့ငှာ အစိုးရမှ အခွန်အခမှ ကင်းလွတ်ခွင့်ပြုထားသည့် ရန်ပုံငွေဖွဲ့စည်းထားသော သတ်မှတ် ထည့်ဝင်ကြေး အစီအစဉ် ဖြစ်ခြင်း၊

စတုတ္ထမဏ္ဍိုင် - ဤမဏ္ဍိုင်သည်ထိုင်းနိုင်ငံတွင် ကျင့်သုံးဆောင်ရွက်ခြင်း မရှိသေးပါ။

ထိုင်းနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော မဏ္ဍိုင်စုံပင်စင်စနစ် အခြေပြဇယား

Target Population / Pillars	အစိုးရဝန်ထမ်းများ (Government Employee)	လစဉ်ပုံမှန်လစာရသောကဏ္ဍမှ အလုပ်သမားများ (Formal Sector Workers)	လစဉ်ပုံမှန်လစာမရသောကဏ္ဍမှ အလုပ်သမားများ (Informal Sector Workers)
Pillar "O"	မရှိပါ။		
Pillar "I"		သက်ကြီးထောက်ပံ့ကြေး	
Pillar "II"	နိုင်ငံ့ဝန်ထမ်းပင်စင် စနစ် (ဟောင်း)	လူမှုဖူလုံရေးရန်ပုံငွေ၏ ပုဒ်မ ၃၃	လူမှုဖူလုံရေးရန်ပုံငွေ၏ ပုဒ်မ ၃၉ နှင့် ၄၀
	အစိုးရပင်စင်ရန်ပုံငွေ (GPF)		
Pillar "III"	Retirement Mutual Fund and Pension Insurance		
		အမျိုးသားစုငွေရန်ပုံငွေ (National Saving Fund)	
		နောင်ရေးရန်ပုံငွေ (Provident Fund)	
Pillar "IV"	မရှိပါ။		

(ခ) မလေးရှားနိုင်ငံ

သုညမဏ္ဍိုင် - ဤမဏ္ဍိုင်တွင်အောက်ဖော်ပြပါအတိုင်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည် -

(၁) **1Malaysia Welfare Progra(Kar1sma)**

(ကက) အခွန်ငွေဖြင့် ထောက်ပံ့သော ဝင်ငွေစစ်ဆေးမှုအပေါ် အခြေခံသည့် လူမှုအထောက်အပံ့ အကျိုးခံစားခွင့်များကို ပေးအပ်သည့် အစီအစဉ်၊

(ခခ) သက်ကြီးရွယ်အို၊ မသန်စွမ်းသူများ၊ မိခင်တစ်ဦးတည်းများ၊ စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၏ မုဆိုးမများနှင့် ကလေးသူငယ်များအတွက် ငွေကြေးအထောက်အပံ့ သာမက ငွေကြေးမဟုတ်သောပံ့ပိုးမှုများ (ဥပမာ - နေ့ကလေးထိန်း ဌာနများ၊ လေ့ကျင့် သင်ကြားရေး အစီအစဉ်များ) ကိုလည်း ပေးအပ်ခြင်း။

(၂) **Bantuan Orang Tua (BOT)**

(ကက) အသက် ၆၀ နှစ်နှင့် အထက်ရှိသည့် ဝင်ငွေနည်းသူများနှင့် ငွေကြေးထောက်ပံ့မှု မရှိသူများအား တစ်လလျှင် ရင်းဂစ် ၃၀၀ (ဒေါ်လာ၇၅) ငွေကြေးအထောက်အပံ့ကို ခံစားခွင့်ပေးခြင်း။

(၃) **ဇကာသ် (zakat) သို့မဟုတ် အစ္စလာမ့်အလှူတော်ငွေ**

(ကက) မလေးရှားနိုင်ငံတွင် ဇကာသ် အကျိုးခံစားခွင့် ပမာဏသည် ပြည်နယ်တစ်ခုနှင့် တစ်ခု ကွဲပြားပါသည်။

(၄) **1 Malaysia People's Aid (BR1M)**

(ကက) အစားအသောက်နှင့် လောင်စာဆီဈေးနှုန်း မြင့်မားလာခြင်းကို ကာမိစေရန် ဝင်ငွေနည်းသည့် အိမ်ထောင်စုများအတွက် ၂၀၁၂ ခုနှစ်တွင် One-off cash transfer programme တစ်ခုဖြစ်သည့် 1 Malaysia People's Aid (BR1M) ကို စတင်အကောင်အထည်ဖော်ခဲ့ခြင်း။

(၅) **eKasih Database**

(ကက) ဝင်ငွေနည်းသော အိမ်ထောင်စုများ ဗဟိုမှတ်တမ်း တစ်ခုကို အကောင်အထည်ဖော်ခြင်း။

(၆) အထက်ဖော်ပြပါ အစီအစဉ်များအပြင် ကျောင်းနေရွယ် ကလေးများ၊ aboriginal people၊ မသန်စွမ်းသူများနှင့် အခြား အားနည်းချက်ရှိသည့် ပုဂ္ဂိုလ်များအတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၏ အဖွဲ့အစည်းအမျိုးမျိုးတို့မှ ထောက်ပံ့ပေးသည့် အစီအစဉ်မျိုးမျိုး ရှိပါသည်။

ပထမမဏ္ဍိုင် - ဤမဏ္ဍိုင်သည် မလေးရှားနိုင်ငံတွင် ကျင့်သုံးခြင်း မရှိသေးပါ။

ဒုတိယမဏ္ဍိုင် - မလေးရှားနိုင်ငံတွင် အလုပ်အကိုင်ကဏ္ဍအလိုက် ကွဲပြားသော ပင်စင် အစီအစဉ်(၄)မျိုး ရှိပါသည်။

(၁) **အစိုးရပင်စင်အစီအစဉ် (Government Pension Scheme)**

(ကက) အစိုးရမှ အကောင်အထည်ဖော်ထားသည့် ရန်ပုံငွေ ဖွဲ့စည်းထားခြင်းမရှိသောသတ်မှတ်အကျိုးခံစားခွင့် ပင်စင်အစီအစဉ်၊

(ခခ) နိုင်ငံ့ဝန်ထမ်းများအကျုံးဝင်ခြင်း။

(၂) **မလေးရှားအလုပ်သမားနောင်ရေးရန်ပုံငွေ (EPF)**

(ကက) ရန်ပုံငွေဖွဲ့စည်းထားသော သတ်မှတ်ထည့်ဝင်ကြေး အစီအစဉ်၊

(ခခ) ပုဂ္ဂလိကကဏ္ဍ ဝန်ထမ်းများနှင့် အစိုးရကဏ္ဍတွင် ပင်စင်ခံစားခွင့်မရှိသော အစိုးရဝန်ထမ်းများ အကျုံး ဝင်ခြင်း။

(၃) **တပ်မတော်အငြိမ်းစား ရန်ပုံငွေ (LTAT)**

(ကက) ရန်ပုံငွေဖွဲ့စည်းထားသော သတ်မှတ် အကျိုး ခံစားခွင့် အစီအစဉ်၊

(ခခ) တပ်မတော်ဘက်တွင် အခြေခံအဆင့်ရှိ ဝန်ထမ်း များ အကျုံးဝင်ခြင်း။

(၄) **လူမှုဖူလုံရေးအဖွဲ့ (SOCSO)**

(ကက) ရန်ပုံငွေဖွဲ့စည်းထားသော သတ်မှတ် အကျိုး ခံစားခွင့် အစီအစဉ်၊

(ခခ) ပုဂ္ဂလိကကဏ္ဍ အလုပ်သမားများ အတွက် မသန်စွမ်းဖြစ်ခြင်း၊ အလုပ်ခွင်မှ ဒဏ်ရာရရှိခြင်းနှင့် ကျန်ရစ်သူမိသားစုအကျိုးခံစားခွင့်များကို စီမံခန့်ခွဲ ပါသည်။

တတိယမဏ္ဍိုင် - အောက်ပါအစီအစဉ် (၁) ခု ရှိပါသည် -

(၁) **ပုဂ္ဂလိကကဏ္ဍအငြိမ်းစားအစီအစဉ် (Private Retirement Scheme)**

(ကက) ဖြည့်စွက်အငြိမ်းစား စုဆောင်းငွေများကို တစ်ဦး ချင်း ဆန္ဒအလျောက် စုဆောင်းနိုင်သည့် ဆန္ဒ အလျောက် အစီအစဉ်တစ်ခု ဖြစ်ခြင်း၊

(ခခ) အလုပ်အကိုင်ကဏ္ဍ မရွေးတွင် လုပ်ကိုင် နေကြ သော မလေးရှားနိုင်ငံသား အားလုံးသည် ငွေချေး သက်သေခံကော်မရှင် (Securities Commission) မှ ခွင့်ပြုထားသော ပုဂ္ဂလိကကဏ္ဍ အငြိမ်းစား အစီအစဉ် (PRS) providers (၈)ခုအနက် မိမိ နှစ်သက်ရာကို ရွေးချယ်၍ ပါဝင်နိုင်ခြင်း။

စတုတ္ထမဏ္ဍိုင် - အောက်ပါအတိုင်း ဆောင်ရွက်ထားပါသည် -

(၁) **သက်ကြီးရွယ်အိုများကို ငွေကြေးနှင့် မသက်ဆိုင်သော ထောက်ပံ့မှုများ**

(ကက) ကျန်းမာရေးဝန်ကြီးဌာနမှ တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် ပြည်သူ့ကျန်းမာရေး ဆေးပေးခန်း များ နှင့် ဆေးရုံများ ကွန်ယက်ချိတ်ဆက်၍ အရည် အသွေး မြင့်မားသော ကျန်းမာရေး စောင့်ရှောက်မှု များကို လူမျိုးဘာသာ၊ အသက်အရွယ်မရွေး နိုင်ငံ သားတိုင်းအား ပေးနိုင်ရန် ဆောင်ရွက်ထားခြင်း၊

(၁၁) အစိုးရကဏ္ဍမှ အလုပ်သမားများ၊ ယင်းတို့၏ မိသားစုများအပြင် အငြိမ်းစားများ အကျုံးဝင်ခြင်း။

မလေးရှားနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော မဏ္ဍိုင်စုံပင်စင်စနစ် အခြေပြဇယား

Pillars / Target Population	အစိုးရဝန်ထမ်းများ (Government Employee)	လစဉ်ပုံမှန်လစာရသောကဏ္ဍ မှ အလုပ်သမားများ (Formal Sector Workers)	လစဉ်ပုံမှန်လစာမရသော ကဏ္ဍမှ အလုပ်သမားများ (Informal Sector Workers)
Pillar "O"	1Malaysia Welfare Programme (Karlsma) (လူမှုဖူလုံရေးအဖွဲ့မှ အကောင်အထည်ဖော်)		
	1 Malaysia People's Aid (BRIM) (လူမှုဖူလုံရေးအဖွဲ့မှ အကောင်အထည်ဖော်)		
		Bantuan Orang Tua (BOT)	
	Zakat or Islamic tithes (အစ္စလမ်ဘာသာရေးအဖွဲ့အစည်းမှ အကောင်အထည်ဖော်)		
Pillar "I"	← မရှိပါ။ →		
Pillar II	အစိုးရဝန်ထမ်းပင်စင် အစီအစဉ် (ဟောင်း) (KWSP)		
	အလုပ်သမားနေ့ာင်ရေးရန်ပုံငွေ (EPF) (KWSP)		
	တပ်မတော်အငြိမ်းစားရန်ပုံငွေ (LTAT)		
		လူမှုဖူလုံရေးအစီအစဉ်များ (SOCSO)	
Pillar III	ပုဂ္ဂလိကအငြိမ်းစားအစီအစဉ် (PRS)(ဖြည့်စွက်အငြိမ်းစားစုဆောင်းငွေများ)		
	လူတိုင်းအကျုံးဝင်သော အဆင့်မြင့်ကျန်းမာရေးအစီအစဉ်		
Pillar IV	ကျန်းမာရေးဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနနှင့် မြို့ပြကျန်းမာရေး၊ အိမ်ရာနှင့်ဒေသဆိုင်ရာအစိုးရဝန်ကြီးဌာန တို့မှ ကျန်းမာရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး အစီအစဉ်များကို အကောင်အထည်ဖော်လျက်ရှိခြင်း		

နိဂုံး

၁၄။ ၂၀၀၅ ခုနှစ်နှစ်တွင် ပေါ်ပေါက်လာသော ငါးမဏ္ဍိုင်ပုံစံ (Five-Pillar Model) သည် ယခင် ဖော်ပြခဲ့သည့် သုံးမဏ္ဍိုင်ပုံစံ (Three-Pillar Model) ထက် စံတစ်ခုအဖြစ် သတ်မှတ်နိုင်သည့် အခြေအနေနည်းပါးသော်လည်း မဏ္ဍိုင်စုံလင်မှုနှင့် ရန်ပုံငွေတည်ထောင်ခြင်း၏ အကျိုးကျေးဇူးများကို အထူးအလေးထား ထည့်သွင်းစဉ်းစားနိုင်ပါသည်။ ကမ္ဘာ့ဘဏ်၏ အတွေ့အကြုံအရ အစီအစဉ်ပုံစံ (Settings) များအားလုံးတွင် သက်ရောက်နိုင်သည့် ရိုးရှင်းသော ပြုပြင်ပြောင်းလဲမှုပုံစံတစ်ခု မဟုတ်သကဲ့သို့ ပင်စင်ဆိုင်ရာ ပြဿနာများ၏ ရှုပ်ထွေးမှုများအားလုံးအတွက် ဖြေရှင်းချက်များ (Universal Solutions) လည်း မဟုတ်ကြောင်း အဆိုပြုထားသော်လည်း ကမ္ဘာ့ဘဏ်က လေ့လာဆန်းစစ်မှု လုပ်ငန်းများအတွက် လမ်းညွှန်မှု သဘောတရားဆိုင်ရာ မူဘောင်တစ်ခုအနေဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၁၅။ မဏ္ဍိုင်စုံဒီဇိုင်းပုံစံသည် မဏ္ဍိုင်စနစ်တစ်ခုထက် ပို၍ပြောင်းလွယ်ပြင်လွယ်ရှိပြီး အလိုက်သင့် ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ပြောင်းလွယ်ပြင်လွယ်ရှိမှုကြောင့် အဓိကရည်မှန်းအုပ်စု၏ လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့ပြင် ပင်စင်စနစ်များတွင် ရင်ဆိုင်နေရသော စီးပွားရေးဆိုင်ရာ၊ လူဦးရေမွေးဖွားသေဆုံးမှုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများမှ ပိုမိုလုံခြုံမှုပေးနိုင်မည် ဖြစ်ပါသည်။

ကိုးကားစာရင်း

- Pension Systems and Reform Conceptual Framework
- The World Bank Pension Conceptual Framework
- Implementing the transnational concept of multipillar pension systems: the cases of China and Thailand
- The Pension System in Thailand
- Social Protection Insight Malaysia

ပင်စင်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အသိပညာပေးဆောင်ရွက်ချက်များ

ပင်စင်ဦးစီးဌာနအနေဖြင့် နိုင်ငံပိုင်အဖွဲ့အစည်းများ၏ တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေး ပင်စင်ချီးမြှင့်ငွေများ၊ နိုင်ငံရေးလစဉ်ပင်စင်များ၊ မြို့ပြ(ဦးစီး)ဌာနများနှင့် လုပ်ငန်းအဖွဲ့အစည်းဌာနများမှ အငြိမ်းစားယူကြမည့် အငြိမ်းစားများ၏ပင်စင်လစာများ ၊အငြိမ်းစားဆုငွေများနှင့် အငြိမ်းစားယူပြီး နောက်ပိုင်း ပင်စင်ဆိုင်ရာအထွေထွေကိစ္စရပ်များအား ဆောင်ရွက်ပေးနေသော ဌာနတစ်ခု ဖြစ်ပါသည်။

ပင်စင်လုပ်ငန်းအနေဖြင့် အငြိမ်းစားများ၏ ငွေပေးမိန့်များကို ထုတ်ပြန်ဆောင်ရွက်ပေးပြီး ထိုသို့ ငွေပေးမိန့်ထုတ်ပြန်ပေးပြီးသော ငွေပေးမိန့်များအား သက်ဆိုင်ရာ အငြိမ်းစားများ ထံပေးပို့ သော အငြိမ်းစားလက်ခံ(PC)များနှင့် သက်ဆိုင်ရာဘဏ်ခွဲများသို့ ဘဏ်ချိပ်ပိတ်စာအိတ်များ ပေးပို့ သောအခါ အချို့ဒေသများသည် နယ်မြေအခြေအနေအရ မပေးပို့နိုင်ခြင်း၊ ဘဏ်ခွဲများသို့ အငြိမ်းစား များသွားရောက်ထုတ်ယူရန် အခက်အခဲများဖြစ်ပေါ်နေခြင်းကြောင့် နှစ်လွန်ပင်စင်များ ဖြစ်ပေါ်လျက် ရှိပါသည်။

အချို့အငြိမ်းစားများသည် နယ်မြေဒေသအခြေအနေများကြောင့် မိမိမူလနေထိုင်ရာဒေသများမှ အခြားနေရာဒေသများသို့ တိုက်ပွဲရှောင် သွားရောက်နေထိုင်နေကြရပါသည်။ ထိုသို့ တိုက်ပွဲရှောင် နေထိုင်ရခြင်းကြောင့် သက်ကြီး ရွယ်အို အငြိမ်းစားကြီးများသည် စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့ နေရပါသည်။ ထို့ကြောင့် တိုက်ပွဲရှောင် အငြိမ်းစားကြီးများသည် တိုက်ပွဲရှောင်ရာ မြို့များတွင်နေထိုင် ရသဖြင့် မိမိမူလပင်စင် လစာထုတ်ယူရာ မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာများ ထုတ်ယူနိုင်ခြင်း မရှိဘဲ နှစ်ကျော်လွန်နေကြောင်း အများအပြားတွေ့ရှိရပါသည်။

ထို့ကြောင့် ပင်စင်လစာထုတ်ယူမှု (၁)နှစ် မကျော်လွန်သည့် တိုက်ပွဲရှောင်အငြိမ်းစားများ၏ပင်စင် လစာများထုတ်ပေးနိုင်ရေးနှင့် ပင်စင်လစာထုတ်ယူရန် (၁)နှစ်ထက် ကျော်လွန်သော တိုက်ပွဲရှောင် အငြိမ်းစားများ၏ ပင်စင်လစာများကို မိမိယခုလက်ရှိနေထိုင်ရာမြို့နယ်များတွင် ထုတ်ယူနိုင်ရေးအတွက် ပင်စင်ဦးစီးဌာန(ရုံးချုပ်)နှင့် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)တို့ပူးပေါင်း၍ တိုက်ပွဲရှောင်အငြိမ်းစားကြီး များအား ၎င်းတို့တိုက်ပွဲရှောင်နေသည့် မြို့များတွင် အခက်အခဲမရှိ ပင်စင်လစာများ ထုတ်ယူနိုင်ရေးကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုက်ပွဲရှောင်အငြိမ်းစားကြီးများနေထိုင်သည့် မြို့များရှိ မြို့နယ်ဘဏ်ခွဲ များမှတစ်ဆင့် လျှောက်ထားထုတ်ယူနိုင်ရန်အတွက် လိုအပ်သောစာရွက်စာတမ်း အထောက်အထား များဖြစ်သော -

(က) ယခင်နေထိုင်ခဲ့သည့် မြို့နယ်ဘဏ်မန်နေဂျာမှ တိုက်ပွဲရှောင်နေသည့်ကာလအတွင်း ပင်စင်လစာများ လုံးဝထုတ်ယူထားခြင်းမရှိကြောင်း ထောက်ခံချက်၊

(ခ) အငြိမ်းစားမှတိုက်ပွဲရှောင်နေသည့်ကာလအတွင်းပင်စင်လစာများလုံးဝ ထုတ်ယူထားခြင်း မရှိကြောင်း ကတိခံဝန်ချက်၊

(ဂ) ယခုလက်ရှိနေထိုင်သည့် ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ဃ) ယခုလက်ရှိ နေထိုင်သည့်မြို့နယ်ရှိ သက်ဆိုင်ရာ ရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်

(င) အငြိမ်းစားလက်ခံစာအုပ် သို့မဟုတ် e-pension ကတ်

များနှင့်အတူ ယခုတိုက်ပွဲရှောင်ကာလအတွင်း နေထိုင်သည့် မြို့နယ်ဘဏ်မန်နေဂျာမှတစ်ဆင့် ပင်စင်ဦးစီးဌာန(ရုံးချုပ်)နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ပင်စင်ဦးစီးဌာနဦးစီးမှူးရုံးများသို့ နှစ်လွန်ပင်စင်များ ပြန်လည်လျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားနိုးဆော် အပ်ပါသည်။

လက်ထောက်ညွှန်ကြားရေးမှူးများ

ပင်စင်လုပ်ငန်းဌာနခွဲ

မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ဆောင်ရွက်နေမှုများ

ပင်စင်ဦးစီးဌာန၏ မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲသည် နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်ပင်စင်ရုံးများမှ သဘောထားမှတ်ချက်မေးမြန်းလာခြင်းအား တည်ဆဲပင်စင်နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပြီး ၊ ပင်စင် အကျိုးခံစားခွင့်များ ဆောင်ရွက်သည့်အခါ နစ်နာမှုမရှိစေရန် အချို့သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့် ကိုက်ညီမှုမရှိ၍ ဆုံးဖြတ်ရန် အခက်အခဲများရှိသည့် အမှုတွဲများအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်ပြီး ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ ပါဝင်သည့် မူဝါဒအဖွဲ့မှ အစည်းအဝေး ဖြင့် ဆုံးဖြတ်ချက်များချမှတ်၍ဆောင်ရွက်ပါသည်။

ဥပမာအနေဖြင့် ကျန်းမာရေးအခြေအနေအရ ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိသည့် အကြီးတန်းစာရေး ဒေါ်ထားကြွယ်သည် ၁.၅.၂၀၁၃ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်ခဲ့ပြီး သူမ၏ လုပ်သက်မှာ (၁၀)နှစ်၊ (၁၀)လ ကျော်ရှိပါသည်။ သူမ၏ နာမကျန်းပင်စင် ခံစားခွင့်ပြုပါရန် လျှောက်ထားရာတွင် ဆေးလက်မှတ်ခွင့် (၁၂) လအား ထည့်သွင်းရေတွက်ခွင့် ရှိ/ မရှိ တင်ပြ လျှောက်ထားလာခြင်း ဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၅၊ နည်းဥပဒေခွဲ (ဇ)တွင် “ **ပင်စင်အကျိုးခံစားခွင့်တွက်ချက်ရာတွင် ဆေးလက်မှတ်ခွင့်ကာလကို ထည့်သွင်းရေတွက်သည်”** ဟုလည်းကောင်း ၊ မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေအပိုဒ် ၄၀၈ တွင် **“ကန့်သတ်ချက်အတွင်းမှာရှိသောလစာဝက် သို့မဟုတ် လစာ၏ရာခိုင်နှုန်းဖြင့် ခွင့်လစာရရှိသော ကာလများကို စုစုပေါင်းလုပ်သက်(၁၅)နှစ်ပြည့်လျှင် ရေတွက်ခွင့်ပြုသည့်ကာလ(၁)နှစ်၊ ပင်စင်ခံစားခွင့်ရှိသောကာလအဖြစ် သတ်မှတ်ရပါမည်”** ဟုလည်းကောင်း၊ ဝန်ထမ်းစည်းမျဉ်းဆိုင်ရာကောက်နုတ်ချက်စာစောင် ၁၆၅ မှတ်ချက်တွင် **“စုစုပေါင်းလုပ်သက် အနက်မှ အသက်၁၈နှစ်မပြည့်မီ တာဝန်ထမ်းဆောင်ခဲ့သော လုပ်သက်နှင့် လစာမရသောအလုပ်သင် ကာလတို့ကို နုတ်ပယ်ပြီးနောက် ကျန်ရှိသည့်လုပ်သက်သည် ၁၅ နှစ်နှင့် ၃၀ နှစ်အတွင်းဖြစ်ပါက ခွင့်လစာရ ဆေးလက်မှတ် ခွင့်ကာလ ၁ နှစ် ပင်စင်အကျိုးခံစားခွင့်အတွက် ထည့်သွင်းရေတွက်ခွင့်ပြုမည်”** ဟုလည်းကောင်း ဖော်ပြထားပါသည်။

ထို့ကြောင့် အကြီးတန်းစာရေး ဒေါ်ထားကြွယ်အား နာမကျန်းပင်စင် ခံစားခွင့်ရရှိရေးအတွက် နိုင်ငံ့ ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၅ ၊ နည်းဥပဒေခွဲ (ဇ) တွင် ပင်စင်အကျိုးခံစားခွင့်

တွက်ချက်ရာ၌ ဆေးလက်မှတ်ခွင့်ကာလကို ထည့်သွင်းရေတွက်သည်ဟု ဖော်ပြထားသော်လည်း မည်မျှရေတွက်ခွင့်ပြုပေးမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေအပိုဒ် ၂၉၀ တွင် **“ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားပြီးဖြစ်သော နည်းဥပဒေများ ၊ စည်းမျဉ်းများ ၊ စည်းကမ်းများ ၊ လက်စွဲစာစောင်များ၊ ကောက်နုတ်ချက်များ၊ အခါအားလျော်စွာထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များသည် ဤနည်းဥပဒေများနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်”** ဟု ပြဋ္ဌာန်းထားသဖြင့် မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေအပိုဒ် ၄၀၈ နှင့် ဝန်ထမ်းစည်းမျဉ်းဆိုင်ရာကောက်နုတ်ချက်စာစောင်အပိုဒ် ၁၆၅ မှတ်ချက်အရ ဝန်ထမ်း၏လုပ်သက်တစ်လျှောက် အများဆုံးခံစားခွင့်ရှိသည့် လစာဝက်ဖြင့်ခွင့်ပြုသောဆေးခွင့်သည် လုပ်သက် ၁၅ နှစ်ပြည့်လျှင် ရေတွက်ခွင့်ပြုသည့်ကာလ ၁ နှစ်ဟုဖော်ပြထားသောကြောင့် ဝန်ထမ်း၏အကြမ်းလုပ်သက်သည် (၁၀)နှစ်၊ (၁၀)လ၊ (၂၁)ရက်သာရှိပါသဖြင့် ခံစားခဲ့သောဆေးခွင့် (၁) နှစ်နှင့် လစာမဲ့ခွင့် (၅) ရက်ကိုနုတ်ပယ်ပါက အသားတင်လုပ်သက် (၉) နှစ် ၊ (၁၀) လနှင့် (၁၆) ရက်သာရှိသဖြင့် အသားတင်လုပ်သက် (၁၀) နှစ်ပြည့်မီခြင်းမရှိပါ၍ လုပ်သက်ဆုငွေတစ်မျိုးတည်းသာ ခံစားခွင့်ရှိမည်ဖြစ်ကြောင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။

မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ
ပင်စင်ဦးစီးဌာန

သက်ပြည့်ပင်စင်နှင့်မွေးသက္ကရာဇ်

ပင်စင်ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်းများ အကြောင်းအမျိုးမျိုးကြောင့် အငြိမ်းစားယူသည့် အခါတွင် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့သည့် လုပ်သက်အတွက် ပင်စင်အကျိုးခံစားခွင့်များ ရရှိအောင် အလေးထား ဆောင်ရွက်ပေးနေသောဌာနဖြစ်ပါသည်။

အငြိမ်းစားများ၏ ပင်စင်အကျိုးခံစားခွင့်အတွက် ဌာနဆိုင်ရာအသီးသီးသည် မိမိတို့ဌာနမှ အငြိမ်းစားယူခွင့်ပြုသည့် ဝန်ထမ်းများအတွက် ပင်စင်အမှုတွဲများပြုစုပြီး ပင်စင်ဦးစီးဌာန(ရုံးချုပ်) နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အသီးသီးမှာ ရှိသည့် ပင်စင်ဦးစီးဌာန၊ ဦးစီးမှူးရုံးများ သို့ပေးပို့ ရပါသည်။

ထိုကဲ့သို့ ပင်စင်အမှုတွဲများပေးပို့လာသည့်အခါ လိုအပ်သည့် စာရွက်စာတမ်းများ ပြည့်စုံမှု ရှိ/မရှိ စိစစ်ပြီး ပြည့်စုံမှုမရှိ၍ သက်ဆိုင်ရာဌာနသို့ ပြန်လည်ပေးပို့ရသဖြင့် လုပ်ငန်းဆောင်ရွက်မှု ကြန့်ကြာသည့်အပြင် ဝန်ထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်ရရှိရန် နှောင့်နှေးမှုများဖြစ်ပေါ် စေမည် ဖြစ်ပါသည်။ ထိုသို့ မပြည့်စုံသည့် ကိစ္စရပ်များအနက်မှ သက်ပြည့်ပင်စင်၏ အမှုတွဲတွင် မွေးသက္ကရာဇ် ကွဲလွဲမှုနှင့် ပတ်သက်၍ ရှင်းလင်းဖော်ပြသွားမည်ဖြစ်ပါသည်။

ပင်စင်အမှုတွဲများပေးပို့ရာ၌ သက်ပြည့်ပင်စင်အမှုတွဲများတွင် ကွဲလွဲလေ့ရှိသည်မှာ ဝန်ထမ်း မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်ထားသော မွေးသက္ကရာဇ်နှင့် သက်ပြည့်ပင်စင်အမှုတွဲတို့တွင် ပြုစုထားသည့် ဝန်ထမ်း၏ မွေးသက္ကရာဇ်တို့ ကွဲလွဲမှုများဖြစ်ပါသည်။ အချို့သော သက်ပြည့်ပင်စင် အမှုတွဲများတွင် ဝန်ထမ်းမှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်ထားသော မွေးသက္ကရာဇ် ပြင်ဆင်ခြင်း အတွက် အထောက်အထားများမှတ်တမ်း တင်ထားခြင်းမရှိဘဲ မှင်ဖြင့်ခြစ်ပြီး ပြင်ဆင်ထားသည်များ လည်း ရှိပါသည်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနည်းဥပဒေ ၂၃၀ တွင် **ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့်နေ့ရက်သည် ယင်းဝန်ထမ်း အသက် ၆၂ နှစ်ပြည့်သည့် နေ့ရက်ဖြစ်ရမည်**ဟု ပြဋ္ဌာန်းထားရာ သက်ပြည့် ပင်စင်အမှုတွဲတစ်ခုတွင် ဝန်ထမ်း၏ မွေးသက္ကရာဇ်သည် အဓိက ကျသည့်အတွက် ဝန်ထမ်းမှတ်တမ်းစာအုပ်တွင် တိကျမှန်ကန်စွာ ဖြင့် မှတ်တမ်းတင်ထားရန် လိုအပ်ပါသည်။ ပင်စင်အမှုတွဲများကို စိစစ်သည့်အခါမှအငြိမ်းစားယူရမည့် အသက်ထက်ကျော်လွန်ပြီး တာဝန်ထမ်းဆောင်မှုများ ဖြစ်ပေါ် နေပါက ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်ထက်ကျော်လွန်ပြီး တာဝန်ထမ်းဆောင်ခဲ့မှု အတွက် ခံစားခဲ့သောလစာငွေများကို နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရမည် ဖြစ်ပါသည်။ ထိုသို့ ပြန်လည်ပေးသွင်းသည့်အခါ ဝန်ထမ်းအတွက် ဝန်ထုတ်ဝန်ပိုးဖြစ်သကဲ့သို့ သက်ဆိုင်ရာဌာနအတွက် လည်း စာရင်းပြုစုမှုများ ရှုပ်ထွေးစေနိုင်ပါသည်။

ထို့ကြောင့် သက်ပြည့်ပင်စင်အမှုတွဲတွင် ဝန်ထမ်း၏ ဝန်ထမ်းမှတ်ထမ်း စာအုပ်တွင်ပါဝင်သော မွေးသက္ကရာဇ်နှင့် သက်ပြည့်ပင်စင်အမှုတွဲတို့တွင် ပြုစုထားသော မွေးသက္ကရာဇ် တူညီမှုရှိရမည် ဖြစ်ပါသည်။

ဝန်ထမ်းမှတ်တမ်း စာအုပ်တွင် မွေးသက္ကရာဇ် မှတ်တမ်းတင်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ နည်းဥပဒေ၂၇၈ (က)တွင် ပြဋ္ဌာန်းထားသည်မှာ

“ မွေးသက္ကရာဇ်ကို အောက်ပါစာရွက်စာတမ်း အထောက်အထားတစ်ခုခုဖြင့် တိုက်ဆိုင်စိစစ် ပြီးမှသာရေးသွင်းရမည်-

(၁) မွေးစာရင်းလက်မှတ်

(၂) ကျောင်းဝင်မှတ်ပုံတင်ထောက်ခံချက်

(၃) တက္ကသိုလ်ဝင်စာမေးပွဲအောက်လက်မှတ် ”

ဟုပြဋ္ဌာန်းထားပါသည်။ ထို့အတူ ဝန်ထမ်းမှတ်တမ်းစာအုပ်တွင် ပြင်ဆင်ရေးသွင်းခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနည်းဥပဒေ၂၈၂တွင်-

“ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ယင်းကတာဝန်ပေးအပ်သူသည် ရေသွင်းရမည့် အချက်အလက်များကို တိကျမှန်ကန်စွာရေးသွင်းရန်လည်းကောင်း၊ မှန်ကန်ကြောင်းကို လက်မှတ် ရေးထိုး၍ အတည်ပြုထားရန်လည်းကောင်း၊ ဖျက်ထားခြင်း၊ ထပ်၍ရေးခြင်းများ မရှိစေရန်လည်းကောင်း၊ ပြင်ဆင်ရေးသွင်းချက်များကို သေသပ်ရှင်းလင်းစွာပြင်ဆင်ရေးသား စေ၍ ယင်းသို့ပြင်ဆင်ခြင်းကို အတည်ပြုလက်မှတ်ရေးထိုးထားရန်လည်းကောင်း တာဝန်ရှိ သည်”

ဟုပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့်သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအနေဖြင့် သက်ပြည့် ပင်စင်အမှုတွဲများတွင် မွေးသက္ကရာဇ်ကိုမှတ်တမ်းတင်ရာတွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပါ အထောက် အထားများနှင့်တိုက်ဆိုင်စိစစ်ပြီး မှတ်တမ်းတင်ရန်နှင့် ပြင်ဆင်ရန် လိုအပ်ပါက မည်သည့် အထောက် အထားအရ ပြင်ဆင်ကြောင်းကို အထောက်အထားနှင့်တကွ ပူးတွဲ၍ ပြင်ဆင်ရေးသွင်းချက်များကို သေသပ် ရှင်းလင်းစွာ ပြင်ဆင်ရေးသားပြီး ယင်းသို့ပြင်ဆင်ခြင်းကို ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ယင်းကတာဝန်ပေးအပ်သူက အတည်ပြုလက်မှတ်ရေးထိုးထားရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ သက်ပြည်ပင်စင်အမှုတွဲများတွင် ဝန်ထမ်း၏ မွေးသက္ကရာဇ်သည် အရေးကြီးသည့် အတွက် ဝန်ထမ်းမှတ်တမ်းစာအုပ်များတွင် တိကျမှန်ကန်စွာ မှတ်တမ်းတင်ထားရန်လိုအပ်ပါသည်။ သို့မှသာ ဝန်ထမ်း၏ သက်ပြည့်ပင်စင်ခံစားခွင့်များ ကြန့်ကြာမှုမရှိ လျင်မြန်စွာခံစားခွင့်ပြုနိုင်မည် ဖြစ်သည့်အတွက် ပင်စင်ဦးစီးဌာန နှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်းရှင်းလင်းအပ်ပါသည်။

ဒေါက်တာခင်ဥမ္မာကျော်
တနင်္သာရီတိုင်းဒေသကြီး

(၂၀၁၃-၂၀၁၄ မှ၂၀၂၃-၂၀၂၄ခုဘဏ္ဍာရေးနှစ်ထိ) ပင်စင်စားအင်အားနှင့် အသုံးစရိတ်

ဌာန	၂၀၁၃-၂၀၁၄	၂၀၁၄-၂၀၁၅	၂၀၁၅-၂၀၁၆	၂၀၁၆-၂၀၁၇	၂၀၁၇-၂၀၁၈	၂၀၁၈ mini	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂ (mini)	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄
ဦးစီးဌာန (ဦးရေ)	၂၉၄,၇၉၄	၃၀၅,၅၇၃	၃၃၆,၀၀၂	၃၆၅,၃၈၆	၃၉၀,၁၂၃	၄၀၂,၁၈၂	၄၂၅,၁၈၈	၄၅၁,၄၁၁	၄၇၂,၄၈၆	၄၅၇,၈၇၅	၄၇၄,၂၈၆	၄၄၇,၀၄၃
နိုင်ငံရေး (ဦးရေ)	၄၃,၀၇၇	၄၅,၀၈၉	၄၇,၉၄၅	၅၀,၂၁၅	၅၂,၁၉၇	၅၂,၈၂၄	၅၃,၈၃၆	၅၃,၈၆၇	၅၄,၆၃၅	၅၁,၁၁၄	၅၂,၃၉၃	၄၈,၈၇၇
ကာကွယ်ရေး (ဦးရေ)	၂၂၁,၃၄၉	၂၄၃,၈၇၆	၂၁၃,၃၆၂	၂၂၄,၆၅၉	၂၃၅,၇၂၂	၂၄၁,၉၅၆	၂၄၉,၄၉၉	၂၆၂,၅၂၆	၂၆၈,၅၂၃	၂၇၂,၇၇၅	၂၇၈,၁၃၆	၂၈၅,၉၇၆
လုပ်ငန်း (ဦးရေ)	၁၀၂,၄၄၅	၁၁၄,၀၂၂	၁၂၄,၉၇၄	၁၃၃,၄၃၀	၁၄၁,၄၆၇	၁၄၅,၆၉၅	၁၅၈,၃၃၀	၁၆၅,၉၃၅	၁၇၁,၁၃၆	၁၆၂,၈၇၆	၁၆၈,၇၁၅	၁၆၈,၀၃၅
စုစုပေါင်း (ဦးရေ)	၆၆၁,၆၆၅	၇၀၈,၅၆၀	၇၂၂,၂၈၃	၇၇၃,၆၉၀	၈၁၉,၅၀၉	၈၄၂,၆၅၇	၈၈၆,၈၅၃	၉၃၃,၇၃၉	၉၆၆,၇၈၀	၉၉၄,၆၄၀	၉၇၃,၅၃၀	၉၄၉,၉၃၀
အသုံးစရိတ် (ကျပ်သန်း)	၃၅၆,၂၈၉.၃၂	၄၂၈,၆၉၈.၇၈	၆၃၃,၅၀၁.၆၅	၆၈၃,၈၂၆.၃၃	၇၀၉,၀၆၆.၈၃	၄၀၆,၁၈၇.၄၇	၁,၁၁၆,၀၈၄.၂၆	၁,၂၆၈,၀၇၃.၆၃	၁,၂၅၅,၉၉၉.၈၆	၆၁၂,၈၅၇.၅၆	၁,၂၃၇,၇၆၄.၄၆	၁,၁၇၅,၈၀၈.၆၇

ဓာတ်မြစ်။ ပင်စင်ဦးစီးဌာန

မှတ်ချက်။(၁) ၂၀၁၃-၂၀၁၄မှ ၂၀၂၃-၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာနှစ်အလိုက် ပင်စင်စားအင်အားနှင့်အသုံးစရိတ်များကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

(၂) ပင်စင်အသုံးစရိတ်တွင်၂၀၁၈ (ဧပြီလမှစက်တင်ဘာလထိ) နှင့်၂၀၂၁ အောက်တိုဘာလ မှ ၂၀၂၂မတ်လအထိသည် (၆) လ ကာလများအတွက်သာ ဖြစ်သောကြောင့် အသုံးစရိတ်မှာ ထက်ဝက်လျော့ကျနေခြင်း ဖြစ်ပါသည်။





၂၀၁၅-၂၀၁၆ မှ ၂၀၂၃-၂၀၂၄ အထိ ပင်စင်စားအင်အားနှင့် အသုံးစရိတ်များနှင့် နိုင်ငံတော်အသုံးစရိတ်တွင် ပင်စင်အသုံးစရိတ်ပါဝင်မှု ရာခိုင်နှုန်း

ကျပ်(ဘီလီယံ)

ဘဏ္ဍာရေးနှစ်	ဦးစီးဌာန		နိုင်ငံရေး		ကာကွယ်ရေး		လုပ်ငန်း		စုစုပေါင်း		နိုင်ငံတော်၏ စုစုပေါင်းအသုံးစရိတ်	နိုင်ငံတော်အသုံးစရိတ်တွင် ပင်စင်အသုံးစရိတ်ပါဝင်မှု ရာခိုင်နှုန်း
	အင်အား	အသုံးစရိတ်	အင်အား	အသုံးစရိတ်	အင်အား	အသုံးစရိတ်	အင်အား	အသုံးစရိတ်	အင်အား	အသုံးစရိတ်		
၂၀၁၅-၂၀၁၆	၃၃၆,၀၀၂	၂၆၄.၉၇၆	၄၇,၉၄၅	၃၆.၀၇၀	၂၁၃,၃၆၂	၂၅၇.၈၀၀	၁၂၄,၉၇၄	၇၄.၆၅၆	၇၂၂,၂၈၃	၆၃၃.၅၀၂	၂၃,၀၁၇.၀၀၀	၂.၇၅%
၂၀၁၆-၂၀၁၇	၃၆၅,၃၈၆	၂၈၈.၈၁၉	၅၀,၂၁၅	၃၅.၂၅၃	၂၂၄,၆၅၉	၂၆၇.၂၃၆	၁၃၃,၄၃၀	၉၂.၅၁၉	၇၇၃,၆၉၀	၆၈၃.၈၂၇	၂၂,၅၁၇.၀၀၀	၃.၀၄%
၂၀၁၇-၂၀၁၈	၃၉၀,၁၂၃	၃၀၅.၆၄၀	၅၂,၁၉၇	၃၂.၃၁၂	၂၃၅,၇၂၂	၂၇၈.၈၀၁	၁၄၁,၄၆၇	၉၂.၁၁၄	၈၁၉,၅၀၉	၇၀၉.၀၆၇	၂၃,၀၆၉.၁၀၇	၃.၀၇%
၂၀၁၈(၆)လ	၄၀၂,၁၈၂	၁၅၉.၅၁၈	၅၂,၈၂၄	၁၅.၆၂၆	၂၄၁,၉၅၆	၁၄၅.၅၀၆	၁၄၅,၆၉၅	၈၅.၃၃၇	၈၄၂,၆၅၇	၄၀၆.၁၈၇	၁၁,၇၄၄.၀၀၀	၃.၄၆%
၂၀၁၈-၂၀၁၉	၄၂၅,၁၈၈	၄၁၃.၀၃၁	၅၃,၀၁၆	၃၇.၀၃၃	၂၄၉,၄၉၉	၃၇၇.၄၄၀	၁၅၈,၁၃၀	၂၈၈.၅၈၀	၈၈၆,၀၃၃	၁,၁၁၆.၀၈၄	၂၇,၅၈၃.၀၀၀	၄.၀၅%
၂၀၁၉-၂၀၂၀	၄၅၁,၄၁၁	၄၅၉.၁၆၇	၅၃,၈၆၇	၃၇.၉၈၁	၂၆၂၅၂၆	၄၃၅.၂၁၀	၁၆၅၉၃၅	၃၃၅.၇၁၆	၉၃၃၇၃၉	၁,၂၆၈.၀၇၄	၃၅,၂၄၃.၉၈၁	၃.၆၀%
၂၀၂၀-၂၀၂၁	၄၇၂,၄၈၆	၄၅၆.၃၁၇	၅၄,၆၃၅	၃၆.၀၈၅	၂၆၈,၅၂၃	၄၂၉.၆၆၀	၁၇၁,၁၃၆	၃၃၃.၉၃၇	၉၆၆,၇၈၀	၁,၂၅၅.၉၉၉	၃၄,၁၃၀.၉၀၀	၃.၆၈%
၂၀၂၁ အောက်တိုဘာလမှ၂၀၂၂ မတ်လထိ	၄၅၇,၈၇၅	၂၄၂.၀၈၄	၅၁,၁၁၄	၁၇.၅၇၈	၂၇၂,၇၇၅	၂၂၆.၀၀၅	၁၆၂,၈၇၆	၁၂၇.၁၉၀	၉၄၄,၆၄၀	၆၁၂.၈၅၇	၁၇,၉၆၀.၃၀၆	၃.၄၁%
၂၀၂၂-၂၀၂၃	၄၇၄,၂၈၆	၄၅၇.၆၉၅	၅၂,၃၉၃	၃၄.၀၂၈	၂၇၈,၁၃၆	၄၃၄.၇၉၇	၁၆၈,၇၁၅	၃၁၁.၂၄၃	၉၇၃,၅၃၀	၁,၂၃၇.၇၆၄	၃၀,၈၃၃.၃၉၅	၄.၀၁%
၂၀၂၃-၂၀၂၄	၄၄၇,၀၄၃	၄၁၇.၃၆၄	၄၈,၈၇၇	၂၉.၉၈၀	၂၈၅,၉၇၆	၄၃၄.၉၂၅	၁၆၈,၀၃၅	၂၉၃.၅၃၉	၉၄၉,၉၃၁	၁,၁၇၅.၈၀၈	၃၃,၁၇၅.၀၅၃	၃.၅၄%

ဇာစ်မြစ်။ ပင်စင်ဦးစီးဌာန

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ဘဏ္ဍာရေးနှစ်အလိုက် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (Citizen'sBudget)

ပင်စင်စားအင်အားနှင့် အသုံးစရိတ်
(၂၀၂၄ -၂၀၂၅ခု၊ဘဏ္ဍာရေးနှစ် ဧပြီလမှ မတ်လအထိ)

(ကျပ်သန်းပေါင်း)

စဉ်	အဖွဲ့အစည်း	စုစုပေါင်း အင်အား	ပင်စင်လစာ အသုံးစရိတ်	ဆုငွေ အသုံးစရိတ်	အပိုထောက်ပံ့ကြေး အသုံးစရိတ်	စုစုပေါင်း အသုံးစရိတ်
၁	ဦးစီးဌာန	**၄၆၁,၁၃၁**	၄၁၃,၅၇၅.၉၆၃	၃၇,၁၂၅.၆၉၄	၆၃,၄၉၇.၆၅၃	၅၁၄,၁၉၉.၃၁၀
၂	နိုင်ငံရေး	**၄၈,၆၅၉**	၂၆,၉၁၆.၇၅၃	၁၉၁.၅၈၉	-	၂၇,၁၀၈.၃၄၂
၃	ကာကွယ်ရေး	**၃၀၅,၁၉၈**	၄၀၆,၆၆၇.၃၅၆	၁၃၉,၀၃၂.၈၁၃	၄၁,၁၇၈.၁၁၆	၅၈၆,၈၇၈.၂၈၅
စုစုပေါင်း		**၈၁၄,၉၈၈**	**၈၄၇,၁၆၀.၀၇၂**	**၁၇၆,၃၅၀.၀၉၆**	**၁၀၄,၆၇၅.၇၆၈**	**၁,၁၂၈,၁၈၅.၉၃၇**

ဇာစ် မြစ်။ **ပင်စင်ဦးစီးဌာန**

မှတ်ချက်။ ပင်စင်စားအင်အားသည် ၂၀၂၅ မတ်လအထိ စုစုပေါင်းအင်အားများဖြစ်ပြီး ၊ အသုံးစရိတ်သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဧပြီလမှမတ်လအတွင်း အသုံးစရိတ်များ ဖြစ်ပါသည်။

၂၀၂၄ - ၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ် ပင်စင်ဦးစီးဌာန ၊ ပင်စင်လစာငွေများနှင့် ဆုငွေများစာရင်း (ဦးစီးဌာန + နိုင်ငံရေး + ကာကွယ်ရေး) အတွက် **ကျပ်သန်းပေါင်း (၁၀၆၁,၈၀၉.၁၀၈)**ကို လျာထားခဲ့ပါသည်။ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် (ဧပြီလမှမတ်လ)အတွင်း ပင်စင်လစာငွေများနှင့် ဆုငွေများအသုံးစရိတ်မှာ ဦးစီးဌာနအတွက် **ကျပ်သန်းပေါင်း (၅၁၄,၁၉၉.၃၁၀)** ၊နိုင်ငံရေးအတွက် **ကျပ်သန်းပေါင်း (၂၇,၁၀၈.၃၄၂)** ၊ ကာကွယ်ရေးအတွက် **ကျပ်သန်းပေါင်း (၅၈၆,၈၇၈.၂၈၅)** ဖြစ်ပြီး စုစုပေါင်းမှာ **ကျပ်သန်းပေါင်း (၁,၁၂၈,၁၈၅.၉၃၇)** ဖြစ်ပါသည်။



တိုင်းဒေသကြီး / ပြည်နယ်များအလိုက် စုစုပေါင်းပင်စင်စားအင်အားနှင့် အသုံးစရိတ်

(၂၀၂၄-၂၀၂၅ခုဘဏ္ဍာရေးနှစ် ဧပြီလမှမတ်လအထိ)

တိုင်းဒေသကြီး/ ပြည်နယ်	ပင်စင်စားအင်အားနှင့်ပင်စင်အသုံးစရိတ်(ဦးစီးဌာန)					
	ကျား		မ		စုစုပေါင်း	
	ဦးရေ	ပင်စင် အသုံးစရိတ် (ကျပ်သန်းပေါင်း)	ဦးရေ	ပင်စင် အသုံးစရိတ် (ကျပ်သန်းပေါင်း)	ဦးရေ	ပင်စင် အသုံးစရိတ် (ကျပ်သန်းပေါင်း)
ကချင်	၃,၅၀၄	၃,၇၀၉.၆၈၄	၅,၂၅၅	၅,၅၆၄.၅၂၇	၈,၇၅၉	၉,၂၇၄.၂၁၁
ကယား	၁,၁၆၂	၃၆၂.၄၉၈	၁,၇၄၃	၅၄၃.၇၄၈	၂,၉၀၅	၉၀၆.၂၄၆
ကရင်	၂,၅၀၉	၂,၇၂၅.၆၀၈	၃,၇၆၃	၄,၀၈၈.၄၁၂	၆,၂၇၂	၆,၈၁၄.၀၂၀
ချင်း	၂,၀၀၁	၁,၄၈၃.၆၆၉	၃,၀၀၁	၂,၂၂၅.၅၀၄	၅,၀၀၂	၃,၇၀၉.၁၇၃
စစ်ကိုင်း	၁၃,၉၅၇	၁၄,၄၀၂.၇၃၃	၂၀,၉၃၅	၂၁,၆၀၄.၁၀၀	၃၄,၈၉၂	၃၆,၀၀၆.၈၃၃
တနင်္သာရီ	၂,၂၃၃	၂,၇၂၈.၃၀၃	၃,၃၅၀	၄,၀၉၂.၄၅၄	၅,၅၈၃	၆,၈၂၀.၇၅၇
ပဲခူး	၉,၄၈၁	၁၀,၄၈၈.၆၆၁	၁၄,၂၂၂	၁၅,၇၃၂.၉၉၁	၂၃,၇၀၃	၂၆,၂၂၁.၆၅၂
ပဲခူး(နောက်)	၁၀,၀၉၀	၁၀,၅၂၅.၁၆၅	၁၅,၁၃၆	၁၅,၇၈၇.၇၄၈	၂၅,၂၂၆	၂၆,၃၁၂.၉၁၃
မကွေး	၁၂,၉၁၆	၁၅,၃၅၂.၉၀၉	၁၉,၃၇၃	၂၃,၀၂၉.၃၆၄	၃၂,၂၈၉	၃၈,၃၈၂.၂၇၃
မန္တလေး	၂၂,၂၅၇	၂၈,၁၆၁.၀၃၆	၃၃,၃၈၆	၄၂,၂၄၁.၅၅၅	၅၅,၆၄၃	၇၀,၄၀၂.၅၉၁
မွန်	၆,၅၈၆	၇,၆၆၅.၅၅၃	၉,၈၈၀	၁၁,၄၉၈.၃၃၀	၁၆,၄၆၆	၁၉,၁၆၃.၈၈၃
ရခိုင်	၇,၃၃၈	၃,၁၅၅.၉၅၇	၁၁,၀၀၇	၄,၇၃၃.၉၃၅	၁၈,၃၄၅	၇,၈၈၉.၈၉၂
ရန်ကုန်	၅၉,၄၂၈	၆၇,၉၆၅.၈၅၆	၈၉,၁၄၃	၁၀၁,၉၄၈.၇၈၃	၁၄၈,၅၇၁	၁၆၉,၉၁၄.၆၃၉
ရှမ်း(ရှေ့)	၇၅၁	၈၉၆.၂၈၂	၁,၁၂၆	၁,၃၄၄.၄၂၂	၁,၈၇၇	၂,၂၄၀.၇၀၄
ရှမ်း(တောင်)	၄,၈၇၉	၆,၆၅၅.၁၀၄	၇,၃၁၉	၉,၉၈၂.၆၅၅	၁၂,၁၉၈	၁၆,၆၃၇.၇၅၉
ရှမ်း(မြောက်)	၂,၇၁၄	၂,၅၆၃.၆၅၄	၄,၀၇၀	၃,၈၄၅.၄၈၁	၆,၇၈၄	၆,၄၀၉.၁၃၅
ဧရာဝတီ	၁၇,၇၉၈	၁၉,၅၁၆.၈၆၆	၂၆,၆၉၆	၂၉,၂၇၅.၂၉၉	၄၄,၄၉၄	၄၈,၇၉၂.၁၆၅
နေပြည်တော်	၄,၈၄၉	၇,၃၂၀.၁၈၆	၇,၂၇၃	၁၀,၉၈၀.၂၇၈	၁၂,၁၂၂	၁၈,၃၀၀.၄၆၄
စုစုပေါင်း	**၁၈၄,၄၅၂**	**၂၀၅,၆၇၉.၇၂၄**	**၂၇၆,၆၇၉**	**၃၀၈,၅၁၉.၅၈၆**	**၄၆၁,၁၃၁**	**၅၁၄,၁၉၉.၃၁၀**

ဇာစ် မြစ်။ ပင်စင်ဦးစီးဌာန

မှတ်ချက်။ ပင်စင်စားအင်အားသည် ၂၀၂၅ မတ်လအထိ စုစုပေါင်းအင်အားများဖြစ်ပြီး ၊အသုံးစရိတ်သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဧပြီလမှမတ်လ အတွင်း အသုံးစရိတ်များ ဖြစ်ပါသည်။

တိုင်းဒေသကြီး / ပြည်နယ်များအလိုက် စုစုပေါင်းပင်စင်စားအင်အားနှင့်အသုံးစရိတ်

(၂၀၂၄-၂၀၂၅ခုဘဏ္ဍာရေးနှစ် ဧပြီလမှမတ်လအထိ)

တိုင်းဒေသကြီး/ ပြည်နယ်	ပင်စင်စားအင်အားနှင့်ပင်စင်အသုံးစရိတ်(နိုင်ငံရေး)					
	ကျား		မ		စုစုပေါင်း	
	ဦးရေ	ပင်စင်အသုံးစရိတ် (ကျပ်သန်းပေါင်း)	ဦးရေ	ပင်စင်အသုံးစရိတ် (ကျပ်သန်းပေါင်း)	ဦးရေ	ပင်စင်အသုံးစရိတ် (ကျပ်သန်းပေါင်း)
ကချင်	၆၇၂	၃၈၆.၄၈၂	၁,၀၀၇	၅၇၉.၇၂၂	၁,၆၇၉	၉၆၆.၂၀၄
ကယား	၁၄၆	၃၅.၄၆၅	၂၁၈	၅၃.၁၉၈	၃၆၄	၈၈.၆၆၃
ကရင်	၂၇၇	၁၈၃.၆၇၆	၄၁၅	၂၇၅.၅၁၅	၆၉၂	၄၅၉.၁၉၁
ချင်း	၄၄၂	၁၉၃.၀၉၀	၆၆၃	၂၈၉.၆၃၆	၁,၁၀၅	၄၈၂.၇၂၆
စစ်ကိုင်း	၃,၀၄၅	၁,၂၂၅.၁၀၇	၄,၅၆၇	၁,၈၃၇.၆၆၁	၇,၆၁၂	၃,၀၆၂.၇၆၈
တနင်္သာရီ	၂၈၉	၁၈၈.၀၀၉	၄၃၃	၂၈၂.၀၁၃	၇၂၂	၄၇၀.၀၂၂
ပဲခူး	၁,၀၀၀	၆၅၄.၅၆၂	၁,၄၉၉	၉၈၁.၈၄၄	၂,၄၉၉	၁,၆၃၆.၄၀၆
ပဲခူး(နောက်)	၁,၁၂၁	၅၇၈.၄၉၀	၁,၆၈၁	၈၆၇.၇၃၆	၂,၈၀၂	၁,၄၄၆.၂၂၆
မကွေး	၁,၈၃၅	၁,၁၁၉.၀၈၅	၂,၇၅၃	၁,၆၇၈.၆၂၈	၄,၅၈၈	၂,၇၉၇.၇၁၃
မန္တလေး	၂,၂၁၂	၁,၄၉၇.၈၇၇	၃,၃၁၉	၂,၂၄၆.၈၁၆	၅,၅၃၁	၃,၇၄၄.၆၉၃
မွန်	၅၁၂	၃၂၅.၃၄၇	၇၆၈	၄၈၈.၀၂၀	၁,၂၈၀	၈၁၃.၃၆၇
ရခိုင်	၁,၄၇၈	၂၂၁.၁၆၈	၂,၂၁၆	၃၃၁.၇၅၃	၃,၆၉၄	၅၅၂.၉၂၁
ရန်ကုန်	၂,၂၇၃	၁,၆၉၇.၂၉၈	၃,၄၀၉	၂,၅၄၅.၉၄၈	၅,၆၈၂	၄,၂၄၃.၂၄၆
ရှမ်း(ရှေ့)	၁၁၉	၁၂၀.၂၄၆	၁၇၉	၁၈၀.၃၆၉	၂၉၈	၃၀၀.၆၁၅
ရှမ်း(တောင်)	၅၄၄	၄၂၆.၉၈၂	၈၁၆	၆၄၀.၄၇၂	၁,၃၆၀	၁,၀၆၇.၄၅၄
ရှမ်း(မြောက်)	၄၄၈	၁၉၂.၂၁၁	၆၇၃	၂၈၈.၃၁၇	၁,၁၂၁	၄၈၀.၅၂၈
ဧရာဝတီ	၂,၆၄၅	၁,၃၆၄.၁၂၈	၃,၉၆၇	၂,၀၄၆.၁၉၃	၆,၆၁၂	၃,၄၁၀.၃၂၁
နေပြည်တော်	၄၀၇	၄၃၄.၁၁၁	၆၁၁	၆၅၁.၁၆၇	၁,၀၁၈	၁,၀၈၅.၂၇၈
စုစုပေါင်း	**၁၉,၄၆၄**	**၁၀,၈၄၃.၃၃၄**	**၂၉,၁၉၅**	**၁၆,၂၆၅.၀၀၈**	**၄၈,၆၅၉**	**၂၇,၁၀၈.၃၄၂**

ဇာစ်မြစ်။ ပင်စင်ဦးစီးဌာန

မှတ်ချက်။ ပင်စင်စားအင်အားသည် ၂၀၂၅ မတ်လအထိ စုစုပေါင်းအင်အားများဖြစ်ပြီး ၊ အသုံးစရိတ်သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဧပြီလမှမတ်လ အတွင်း အသုံးစရိတ်များ ဖြစ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုစုပေါင်းပင်စင်စားအင်အားနှင့် အသုံးစရိတ် (၂၀၂၄ -၂၀၂၅ ခုနှစ် ဧပြီလ မှ မတ်လ အထိ)





စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနရှိ စိစစ်ရေးမှူး ၄-များအား စိစစ်ရေးမှူး၃ - ရာထူးသို့ တိုးမြှင့်ပေးရေးအတွက် ရေးဖြေစာမေးပွဲကျင်းပခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနရှိ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသည့် စိစစ်ရေးမှူး၃ ရာထူးသို့ တိုးမြှင့်ခန့်ထားရေးအတွက် အရည်အချင်းစစ်-၄ များအား စိစစ်ရေးမှူး- ရေးဖြေစာမေးပွဲကို ၃၊ (ရုံးချုပ်)၂၀၂၄ ရက်နေ့များတွင် ပင်စင်ဦးစီးဌာန-၁၂-၂၀၂၄ ရက်နေ့နှင့် ၄-၁၂- ဦး ဝင်ရောက်ဖြေဆိုခဲ့ပါသည်။ စာမေးပွဲ (၉) ၄-အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စိစစ်ရေးမှူး ကျင်းပနေစဉ်အတွင်း ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲညွှန့် လာရောက်ကြည့်ရှုစစ်ဆေး၍ စာမေးပွဲခန်းကြီးကြပ်ရေးအဖွဲ့ဝင်များအား လိုအပ်သည် များလမ်းညွှန်မှာကြားခဲ့ပြီး စာမေးပွဲဖြေဆိုသူ ဝန်ထမ်းများအား အားပေးစကား ပြောကြားခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်မှ ဖြေဆိုသူများအား ကြည့်ရှုစစ်ဆေးစဉ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနရှိ စိစစ်ရေးမှူး-၃ များအား ဒုတိယဦးစီးမှူး ရာထူးသို့ တိုးမြှင့်ပေးရေးအတွက် ရေးဖြေစာမေးပွဲကျင်းပခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနရှိ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသည့် စိစစ်ရေးမှူး-၃ များအား ဒုတိယဦးစီးမှူးရာထူးသို့ တိုးမြှင့်ခန့်ထားရေးအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ၂၆-၁၂-၂၀၂၄ ရက်နေ့နှင့် ၂၇-၁၂-၂၀၂၄ ရက်နေ့များတွင် ပင်စင်ဦးစီးဌာန(ရုံးချုပ်)၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စိစစ်ရေးမှူး-၃ (၃၇) ဦး ဝင်ရောက်ဖြေဆိုခဲ့ပါသည်။ စာမေးပွဲကျင်းပနေစဉ်အတွင်း ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲညွန့် လာရောက်ကြည့်ရှုစစ်ဆေး၍ စာမေးပွဲခန်းကြီးကြပ်ရေးအဖွဲ့ဝင်များအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပြီး စာမေးပွဲဖြေဆိုသူ ဝန်ထမ်းများအား အားပေးစကား ပြောကြားခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်မှ ဖြေဆိုသူများအား ကြည့်ရှုစစ်ဆေးစဉ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန၏ (၄၉) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များအား ဆွမ်း၊ သင်္ကန်းပရိက္ခရာနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဝန်ထမ်းများအား ဆုချီးမြှင့်သည့် အခမ်းအနားကျင်းပခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန၏ ၁၆-၁-၂၀၂၅ ရက်နေ့တွင် ကျရောက်သော (၄၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပင်စင်ဦးစီးဌာန၊ ဘုရားခန်းတွင် သံဃာတော် (၅)ပါးအား ညွှန်ကြားရေးမှူးချုပ် ဦးရဲညွန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သက်ဆိုင်ရာဌာနခွဲ ညွှန်ကြားရေးမှူးများနှင့် ပင်စင်ဦးစီးဌာနရှိ ဝန်ထမ်းများမှ ဆွမ်း၊ သင်္ကန်းပရိက္ခရာနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ တရားတော်နာယူခဲ့ကြပါသည်။ ဆက်လက်၍ ပင်စင်နှစ်ပတ်လည်နေ့ အမှတ်တရအဖြစ် ပင်စင်ဦးစီးဌာနရှိ ဝန်ထမ်းများအနက် သင်တန်းထူးချွန်ဆု၊ လုပ်ငန်းစွမ်းဆောင်ရည်ဆု၊ ရုံးတက်မှန်ဆုနှင့် သွေးလှူရှင်ဆုများ ရရှိသည့် ဝန်ထမ်းများအား ဆုချီးမြှင့်သည့်အခမ်းအနားကို ရုံးအမှတ် (၃၄)၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

သံဃာတော်များအားဝတ္ထုငွေ၊သင်္ကန်းပရိက္ခရာနှင့်ဆွမ်းဆက်ကပ်လှူဒါန်း၍ တရားတော်နာယူစဉ်

(၄၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှတ်တရအဖြစ် ပင်စင်ဦးစီးဌာနရှိ ဝန်ထမ်းများ အနက် သင်တန်းထူးချွန်ဆု၊ လုပ်ငန်းစွမ်းဆောင်ရည်ဆု၊ ရုံးတက်မှန်ဆုနှင့် သွေးလှူရှင်ဆုများ ရရှိသည့် ဝန်ထမ်း များအား ဆုချီးမြှင့်ခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန (ရုံးချုပ်) နှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၏ (၁/၂၀၂၅) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန (ရုံးချုပ်) နှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၏ (၁/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ၁၇-၁-၂၀၂၅ ရက်နေ့ ၁၀း၀၀ နာရီအချိန်တွင် ပင်စင်ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲညွန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရုံးချုပ်ရှိ သက်ဆိုင်ရာဌာနခွဲတာဝန်ခံများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုနယ်မြေတာဝန်ခံတို့ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများမှ Video Conferencing စနစ်ဖြင့် တက်ရောက်ကြပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန (ရုံးချုပ်) နှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၏ (၂/၂၀၂၅) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန (ရုံးချုပ်) နှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများ၏ (၂/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အား ၂၀-၂-၂၀၂၅ ရက်နေ့ ၁၄း၀၀ နာရီအချိန်တွင် ပင်စင်ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲညွှန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရုံးချုပ်ရှိ သက်ဆိုင်ရာဌာနခွဲတာဝန်ခံများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုနယ်မြေတာဝန်ခံတို့ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများမှ Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။